CB
SECURITIES




# CB Trader 2.0

# User Guide

www.cbsecurities.com.mm

V.2.0.3

# CB Trader 2.0 User Guide

**Cover Page** ..... 4
**Login Page** ..... 5
**Change Password and PIN** ..... 6
**Disclaimer** ..... 7
**More** ..... 8
**Stock Info** ..... 9
**Watch List** ..... 10
**Portfolio (Stock and Cash Holdings)** ..... 11
**Place Order** ..... 12
**Place Order** ..... 12
**AMO (After Market Order)** ..... 12
**Portfolio (OPEN ORDERS)** ..... 14
**Portfolio (Order Cancel)** ..... 12
**Order History** ..... 17
**Request Statement** ..... 18
**Request Withdrawal** ..... 19
**Stock Transaction** ..... 20
**Cash Transaction** ..... 21
**Price Alert** ..... 22
**Technical Indicators Graph** ..... 23
**YSX Historical Data** ..... 24
**Gainer/ Loser** ..... 25
**Most Active** ..... 26
**Customer Information** ..... 27
**Forget Password** ..... 28
**Forget PIN** ..... 29
**LOG OUT** ..... 30

# Application Download

**Step 1** >>

App Store/Play Store တွင် CB Trader 2.0 App ကို Download ရယူပါ။

ယခင် *CB Trader Application* အသုံးပြုသူလူကြီးမင်းတို့သည် *CB Trader 2.0* အား *Download* ပြန်လုပ်ပေးရပါမည်။

**Step 2** >>

App အား Install ပြုလုပ်ပါ။


**Step 3** >>

ဖုန်းပေါ်မှ CB Trader 2.0 Application icon ကို ရွေးချယ်၍ စတင်အသုံးပြုနိုင်ပါသည်။

Download on the
App Store

GET IN ON
Google Play

# Cover Page





- MENU BAR

  CB Trader Application Login မဝင်မီ ဘယ်ဘက် ထောင့် ရှိ Menu Bar တွင် CB Securities Ltd နှင့် ပတ်သက်သောအချက်အလက်များအားလေ့လာနိုင်ပါသည်။

  - Customer Service
  - Trading Account Opening
  - FAQ
  - Links
  - About

# Login Page





- **TRADING ID**
  CB Securities Ltd မှ လူကြီးမင်း၏ email ထဲသို့ပေးပို့ထားသော "Welcome letter" မှ Trading ID ကို ဖြည့်သွင်းပါ။

- **Password**
  "One-time log-in password and One-time transaction PIN" email မှ password ကို ဖြည့်သွင်းပြီး Login ကို နှိပ်ပါ။

- **Keep Me Logged in**
  Application ထဲသို့ ထပ်မံဝင်ရောက်သည့်အခါ လျှို့ဝှက်နံပါတ်မထည့်ဘဲဝင်ရောက်လိုမှသာ "Keep me logged in" ကို အမှန်ခြစ်ပါ။

# Change Password and PIN




- **Change Password**

CB Trader Application အား စတင်အသုံးပြုခြင်းဖြစ်ပါက Login password အား ပြောင်းလဲပေးရန်လိုပါသည်။


Password ရွေးချယ်ရာတွင်

1> လျှို့ဝှက်စကားလုံးအရေအတွက်သည် ၃လုံးမှ ၈လုံးကြား ရှိရပါမည်။

2> စာ a – z

3> ကိန်းဂဏန်း 0 – 9

4> သင်္ကေတ ~!@#$%^&*()_+? ထဲမှတစ်ခုအနည်းဆုံး ပါဝင်ရပါမည်။




- **Change PIN**

CB Trader Application အား စတင်အသုံးပြုခြင်းဖြစ်ပါက PIN အား ပြောင်းလဲပေးရန်လိုပါသည်။

- **CURRENT PIN**

"One-time log-in password and One-time transaction PIN" email မှ PIN number အား ဖြည့်သွင်းပါ။

PIN number ရွေးချယ်ရာတွင်


1> လျှို့ဝှက်စကားလုံးအရေအတွက်သည် ၄လုံးမှ ၈လုံးကြား ရှိရပါမည်။

2> ကိန်းဂဏန်း 0 – 9 များသာ ဖြစ်ရမည်။

ဥပမာ။ ။ 01235

| |
|---|
| လျှို့ဝှက်နံပါတ်အား ၅ ကြိမ်အထက်မှားယွင်းထည့်သွင်းမိပါကအလိုအလျောက် block ဖြစ်သွားမည်ဖြစ်ပါသည်။ ထိုသို့ block ဖြစ်သွားပါက CB Securities သို့ ဆက်သွယ်ရန်လိုအပ်ပါသည်။ ဖုန်းနံပါတ် - 09799250395, 01 8610331, 01 8610332, 01 8610333, 01 8610334 |

# Disclaimer




- **EN/MM**


  Online Trading အသုံးပြုခြင်းအတွက် သဘောတူညီချက် များကို မြန်မာ - အင်္ဂလိပ် ၂ ဘာသာဖြင့် ဖတ်ရှုနိုင်ပါသည်။

- **I Agree To Terms Above**

  လူကြီးမင်းတို့အနေဖြင့် သဘောတူညီချက်များကို ဖတ်ရှုပြီး I Agree To Terms Above ကို အမှန်ခြစ်ပြီး **OK** ကို နှိပ်ပေးရပါမည်။ ထိုမှသာ Log in ဝင်သွားပါမည်။ **CANCEL** နှိပ်ပါက Log in ထွက်သွားပါမည်။

  ပထမဦးဆုံးအကြိမ် Log in ဝင်ခြင်းအတွက်သာလိုအပ်ပါသည်။

# More




- **FAVOURITE MENU**
  Menu bar ရှိ item များထဲမှ လူကြီးမင်းနှစ်သက်ရာ item ကို Star ☆ နှိပ်ပြီး Favorite Menu ထားနိုင်ပါသည်။


- **BIOMETRIC LOGIN**
  Application log in ဝင်ရာတွင် လျှို့ဝှက်နံပါတ်မဖြည့်သွင်းဘဲ လူကြီးမင်း၏ လက်ဗွေဖြင့် Application log in ဝင်လိုပါက Biometric login ကို ဖွင့်ထားပေးရန် လိုအပ်ပါသည်။

# Stock Info and Watch List

**SCREEN 1**





**SCREEN 2**




- **STOCK INFO**

ရန်ကုန်စတော့အိတ်ချိန်းပေါ်ရှိ Listed Company ၏ အစုရှယ်ယာအမည်များကို ရိုက်နှိပ်ရှာဖွေပြီး ထိုအစုရှယ်ယာ၏ ဈေးကွက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းနှင့်အရေအတွက် ဖော်ပြချက်အသေးစိတ်ကို ကြည့်ရှုနိုင်ပါသည်။

# Watch List




- **Watch List**

  YSX ပေါ်ရှိ Listed Company များ အနက်မှ မိမိ စိတ်ဝင်စားသည့် Company များအစုရှယ်ယာအခြေအနေအားကြည့်ရှုရန် Watch List ပြုလုပ်လိုပါက

  1> MORE သို့သွားပါ

  2> MENU မှ WATCH LIST ကို ရွေးပါ။

- **ADD**

  YSX ပေါ်ရှိ Listed Company များ အနက်မှ မိမိစိတ်ဝင်စားသည့် Company များ၏ အစုရှယ်ယာအခြေအနေအား ကြည့်ရှုရန် Watch List ပြုလုပ်လိုပါက

  1> Add ကိုနှိပ်ပါ။

  2> နှစ်သက်ရာအစုရှယ်ယာအမည်အား ရိုက်နှိပ်ရှာဖွေပြီး Watch List ထဲ ထည့်ထားနိုင်ပါသည်။

  3> Watch List ထဲရှိအစုရှယ်ယာအမည်အား နှိပ်ပါက ထိုအစုရှယ်ယာ၏ အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

- **REMOVE**

  Watch List ထဲမှ stock များကို ပယ်ဖျက်လိုပါက

  1> Remove ကို နှိပ်ပါ။

  2> ပယ်ဖျက်လိုသော symbol ကို နှိပ်ပါ။

  3> Delete ကို နှိပ်ပါ။

  4> ထို့နောက် Done ကို နှိပ်ပါ။


# Portfolio (Stock and Cash Holdings)





- **Stock**
  Trading account ထဲတွင်ရှိသော လူကြီးမင်းပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အား AVAILABLE တွင် ကြည့်ရှုနိုင်ပါသည်။

- **Cash**
  အရောင်းအဝယ်ပြုလုပ်နိုင်သော ငွေပမာဏအား FUND AVAILABLE တွင် ကြည့်ရှုနိုင်ပါသည်။

# Place Order




- **Step 1**

1> အရောင်းအဝယ်ပြုလုပ်လိုပါက “BUY-SELL” page သို့သွားပါ။

2> ထို့နောက် အရောင်းအဝယ်ပြုလုပ်လိုသောအစုရှယ်ယာအမည်အား “INSERT SYMBOL” တွင်ထည့်သွင်းပါ။

3> ဈေးနှုန်းသတ်မှတ်ပြီး အော်ဒါတင်လိုပါက “Limit” ကို ရွေးပြီး ဈေးနှုန်းအား “INSERT PRICE” တွင် ထည့်သွင်းပါ။ ဈေးကွက်ပေါက်ဈေးအတိုင်းတင်လိုပါက “Market” ကို ရွေးပါ။

4> အရောင်းအဝယ်ပြုလုပ်မည့် အစုအရေအတွက်အား “INSERT VOLUME” တွင်ထည့်သွင်းပါ။

5> အော်ဒါတင်သည့်အခါ Validity သတ်မှတ်ပေးရပါမည်။

**VALIDITY**

**None** ကိုရွေးချယ်ပါက တစ်နေ့တာအတွက်သာ အော်ဒါတင်ပေးမည်ပြီး အော်ဒါမအောင်ခဲ့ပါက နေ့လည် ၂း၁၅ အချိန်တွင် order cancel ဖြစ်သွားမည်ဖြစ်ပါသည်။


**GTD** ကို ရွေးချယ်ပါက အော်ဒါတင်လိုသည့် ကာလအား သတ်မှတ်ပေးရမည်ဖြစ်ပြီး ထိုတင်ထားသောအော်ဒါများသည် တစ်နေ့တာအတွင်းအရောင်းအဝယ်မဖြစ်မြောက်ခဲ့ပါကဈေးကွက် ပိတ်ချိန် ပြီးနောက်တွင် System မှ အလိုအလျောက် AMO Order အဖြစ်ပြန်လည်သတ်မှတ်ပြီး ဈေးကွက်ဖွင့်ချိန် အော်ဒါများ Open ဖြစ်သွားမှာဖြစ်ပါသည်။ Partial အောင်သွားသော အော်ဒါများအား ကျန်ရှိသော အရေအတွက်သာ အော်ဒါများ ပြန်လည်တင်ပေးမည်ဖြစ်ပါသည်။ ထိုသတ်မှတ်ထားသော ကာလကျော်လွန်သွားပါက ထိုအော်ဒါများသည် ဈေးကွက်ပိတ်ချိန် ပြီးနောက်တွင် System မှ အလိုအလျောက် အော်ဒါပြန်တင်တော့ မည်မဟုတ်ပါ။

**GTC** ကိုရွေးချယ်ပါက Date ရွေးချယ်ပေးရန် မလိုအပ်ဘဲ လူကြီးမင်းတင်ထား သောအော်ဒါ များသည် အော်ဒါပယ်ဖျက်ခြင်းမပြုမချင်းဈေးကွက်ပိတ်ချိန် ပြီးနောက်တွင် Systemမှ အလိုအလျောက် အော်ဒါပြန်တင်ပြီး ဖြစ်မည်။

*လတ်တလောတွင် Validity (GTD/GTC) သတ်မှတ် ကာလကို အများဆုံး ရက်သတ္တပတ် တစ်ပတ်သာ သတ်မှတ်ထားပါသည်။*


6> ထို့နောက် SEND ကို နှိပ်ပါ။

# Place Order




## Step 2

Notification တွင် "YES" ကို နှိပ်ပါက Order တင်ခြင်း Process ဆက်လက်လုပ်ဆောင်သွားဖြစ်ပြီး "NO" ကို နှိပ်ပါက Order တင်ခြင်း Process ရပ်တန့်သွားမည်။





## Step 3

1> အော်ဒါတင်ရန်ဖြည့်စွက်ထားသော အချက်အလက်များ မှန်ကန်ကြောင်းအတည်ပြုပြီး PIN number အား "INSERT PIN"တွင် ထည့်သွင်းပေးရပါမည်။

*နောက်တစ်ကြိမ်ထပ်မံအော်ဒါတင်ရန် Pin Number ထပ်မနှိပ်လိုပဲ သိမ်းဆည်းလို မှသာလျှင် SAVE ကို အမှန်ခြစ်ပါ။*

2> ထို့နောက် SEND ကိုနှိပ်ပါ။

# AMO (After Market Order)




**AMO**


After Market Order

နောက်နေ့တစ်ရက်အတွက် အော်ဒါ ကြို တင် ထားလိုပါက AMO အား tick လုပ်ပါ။

သတိပြုရန်

ဈေးကွက်ဖွင့်ချိန်အတွင်း AMO အား tick လုပ်ထားပါက ထိုအော်ဒါ သည် နောက်နေ့အတွက်ကြိုတင်သည့် သဘောသက်ရောက်သည့် အတွက် ယနေ့အတွက် Open Order ဖြစ်မည်မဟုတ်ပါ။

# Portfolio (OPEN ORDERS)





- **OPEN ORDERS**
  ဈေးကွက်ဖွင့်ချိန်အတွင်း လူကြီးမင်းတင်ထားသော အော်ဒါ များ အား “Open Orders” page တွင်ကြည့်ရှုနိုင်ပါသည်။

- **AMO ORDERS**
  ဈေးကွက်ပိတ်ချိန်ပြီးနောက် လူကြီးမင်း တင်ထားသော အော်ဒါများအား “AMO Orders” page တွင် ကြည့်ရှုနိုင် ပါသည်။ GTC/GTD အော်ဒါများသည် ၁း၃၀ နောက်ပိုင်း တွင် “AMO Orders” page တွင် ရောက်ရှိနေမည်ဖြစ် ပါသည်။ Cancel လိုပါ “AMO Orders” page တွင် Cancel ရမည်ဖြစ်ပါသည်။

- **EXECUTED ORDERS**
  တစ်နေ့တာအတွင်း အရောင်းအဝယ်ဖြစ်မြောက်ထားသော အော်ဒါ များ အား “Executed Orders” page တွင် ကြည့်ရှု နိုင်ပါသည်။

# Portfolio (Order Cancel)




- **Order Cancel**

  လူကြီးမင်းတင်ထားသောအော်ဒါအား Cancel ပြုလုပ်လိုပါက

  1> Cancel ပြုလုပ်လိုသော Order Transaction အား ရွေးချယ်ပါ။

  2> ထို့နောက် “CANCEL” button အား နှိပ်ပြီး PIN number ရိုက်နှိပ်ပေးရပါမည်။ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း Cancel အား အချိန်မရွေး ပြုလုပ်နိုင်မည်ဖြစ်ပြီး ဈေးကွက်ပိတ်ပြီးပါ က ၂း၁၅ နာရီတွင် မအောင်မြင်သောအော်ဒါများ အား system မှ Auto Cancel မည်ဖြစ်ပါသည်။

  (GTC/GTD အော်ဒါများမှာမူ AMO Order အောက်တွင် ရောက်ရှိနေမည်ဖြစ်ပါသည်။)

- **CHECK REMARK**

  လူကြီးမင်းတင်ထားသောအော်ဒါသည် Reject ဖြစ်သွားပါက Reject ဖြစ်သွားရသည့် အကြောင်းရင်း အသေးစိတ်အား “Check Remark” button အား နှိပ်ပြီး ကြည့်ရှုနိုင်ပါသည်။

Order Status – ST ၏ သင်္ကေတများမှာ -

M - Matched {အရောင်းအဝယ်ဖြစ်မြောက်သွားသည်။}

O - Open {အရောင်းအဝယ်မဖြစ်မြောက်ဘဲကျန်ခဲ့သည်။}

X - Cancelled {အော်ဒါပယ်ဖျက်သည်။}

X - Rejected {အော်ဒါပယ်ချခံရသည်။}

XE - Cancel at 2:15 by system for unsuccessful order {မအောင်မြင်သော အော်ဒါများအား System မှ ၂း၁၅ နာရီတွင်အလိုလျောက်ပယ်ဖျက်သည်။}

# Order History




- **Order History**

  လူကြီးမင်းတင်ထားသော (ယနေ့တစ်နေ့တာထက်ပိုသော) အော်ဒါများအား သိရှိလိုပါက…

  1> More သို့သွားပါ။

  2> E-service ထဲရှိ Order History ကို ရွေးပါ။


  3> ကြည့်ရှုလိုသော History အချိန်ကာလအား FROM / TO တွင် သတ်မှတ်ပါ။

  4> အဝယ်အော်ဒါ (သို့) အရောင်းအော်ဒါများအား သီးသန့် ကြည့်ရှုလိုပါက SIDE တွင် Buy (သို့) Sell ကိုရွေးချယ်ပြီး ကြည့်ရှုနိုင်ပါသည်။

  5> ထို့နောက် SEARCH ကို နှိပ်ပါ။

  အရောင်း/ အဝယ်အော်ဒါများအား အများဆုံး (၃) လစာ ကြည့်ရှုနိုင်ပါသည်။

# Request Statement




- **Request Statement**

  Account Statement ရယူလိုပါက…

  1> More သို့ သွားပါ။

  2> E-Services မှ Request Statement ကို ရွေးပါ။


  3> Statement ထုတ်ယူလိုသော အချိန်ကာလအား FROM / TO တွင် သတ်မှတ်ပါ။

  4> ထို့နောက် Send ကို နှိပ်ပါ။

  5> Request လုပ်လိုက်သော Account Statement အား လူကြီးမင်း၏ အီးမေးလ်တွင် download ရယူနိုင်ပါသည်။

  *Account Statement* အား တစ်နှစ်အထက်ရယူလိုပါက statementrequest@cbsecurities.com.mm သို့ မေးလ်ပို့၍ ရယူနိုင်ပါသည်။

# Request Withdrawal




- **Request Withdrawal**

ငွေသားထုတ်ယူခြင်းလျှောက်လွှာတင်လိုပါက...

1> More သို့သွားပါ။

2> MENU မှ Request Withdrawal ကို ရွေးပါ။

3> AVAILABLE TO WITHDRAW တွင် မိမိထုတ်ယူနိုင် သော ငွေသားပမာဏကို ကြည့်ရှုနိုင်ပါသည်။

4> လူကြီးမင်း ထုတ်ယူလိုသောငွေသားပမာဏအား "WITHDRAW" အကွက်တွင်ဖြည့်သွင်းပါ။

5> ထို့နောက် SEND ကို နှိပ်၍ ထုတ်ယူလိုသော ငွေသား ပမာဏအား မှန်ကန်ကြောင်း အတည်ပြုပြီး PIN number အား "INSERT PIN"တွင် ထည့်သွင်းပေးရ ပါမည်။

6> ထို့နောက် SEND ကို နှိပ်ပါ။

သတိပြုရန်

အရောင်းအဝယ်အော်ဒါများအားလုံးအား စာရင်းပေးချေမှုများ ပြုလုပ်ပြီး စာရင်းရှင်းလင်းပြီးသည့် ငွေပမာဏကိုသာ ထုတ်ယူနိုင်မည်ဖြစ်သည့်အတွက် AVAILABLE TO WITHDRAW တွင် ပေါ်သည့် ငွေပမာဏသည် AVAILABLE TO TRADE တွင်ပေါ်သည့် ငွေပမာဏထက် လျော့နည်းနေခြင်း၊ အနုတ်ပြနေခြင်းများ ရှိနိုင်ပါသည်။ အထူးသဖြင့် Intraday အရောင်းအဝယ်ဆောင်ရွက်ခြင်းများ ပြုလုပ်ပါက AVAILABLE TO WITHDRAW တွင် ထိုသို့ ပေါ်နေနိုင်ပါသည်။

# Stock Transaction




- **Stock Transaction**

  1> More သို့သွားပါ။

  2> E-Services မှ Stock Transaction ကို ရွေးပါ။

  3> ကြည့်ရှုလိုသော Transaction အချိန်ကာလအား FROM/TO တွင် သတ်မှတ်ပါ။

  4> ထို့နောက် “SEARCH” ကို နှိပ်ပါ။

  5> လူကြီးမင်း၏ အရောင်းအဝယ် ပြုလုပ်ထားသော အစု ရှယ်ယာစာရင်းအား Stock Transaction တွင် ကြည့်ရှု နိုင်ပါသည်။

  အရောင်းအဝယ်ပြုလုပ်ထားသော အစုရှယ်ယာစာရင်းအား အများဆုံး (၃) လစာ ကြည့်ရှုနိုင်ပါသည်။

# Cash Transaction




- **Cash Transaction**

  1> More သို့သွားပါ။

  2> E-Services မှ Cash Transaction ကို ရွေးပါ။


  3> ကြည့်ရှုလိုသော Transaction အချိန်ကာလအား FROM / TO တွင် သတ်မှတ်ပါ။

  4> ထို့နောက် "SEARCH" ကို နှိပ်ပါ။

  5> လူကြီးမင်း၏ အရောင်းအဝယ်ပြုလုပ်ထားသော အစုရှယ်ယာစာရင်းအား Cash Transaction တွင် ကြည့်ရှုနိုင်ပါသည်။

  အရောင်းအဝယ်ပြုလုပ်ထားသော အစုရှယ်ယာစာရင်းအား အများဆုံး (၃) လစာ ကြည့်ရှုနိုင်ပါသည်။

# Price Alert




- **Price Alert**

  အစုရှယ်ယာဈေးနှုန်းအသိပေးချက် သတ်မှတ်လိုပါက

  1> More သို့သွားပါ။

  2> SETTING မှ Price Alert ကို ရွေးပါ။

  3> ADD ကို နှိပ်ပါ

  4> Search တွင် ရန်ကုန်စတော့အိတ်ချိန်းပေါ်ရှိ စာရင်းဝင် ကုမ္ပဏီအမည်ကိုရိုက်နှိပ်ပါ။

  5> [>=] သို့မဟုတ် [<=]  ကို ရွေးချယ်ပါ။

  6> အစုရှယ်ယာဈေးနှုန်းအား ရိုက်နှိပ်ပါ။

  7> သတ်မှတ်ထားသော ဈေးနှုန်းသို့ ရောက်ရှိပါက ဈေးနှုန်းအသိပေးချက် Push Notification နှင့် E-mail ကို ရရှိပါမည်။

  ဈေးနှုန်းအသိပေးချက်အား မပယ်ဖျက်မချင်း သတ်မှတ် ထားသော ဈေးနှုန်းသို့ ရောက်ရှိသည့်အခါတိုင်း ထို Push Notification နှင့် Email ကို ရရှိမည်ဖြစ်ပြီး Price Alert အား ပယ်ဖျက်လိုက်မှသာ ဈေးနှုန်းအသိပေးချက်ပေးပို့ခြင်းရပ်တန့်သွားမည်ဖြစ်ပါသည်။

# Technical Indicators Graph




- **Technical Indicators Graph**

  1> More သို့သွားပါ။

  2> MENUမှ Technical Indicators Graph ကိုရွေးပါ။

  3> Search တွင် ရန်ကုန်စတော့အိတ်ချိန်းပေါ်ရှိ စာရင်းဝင် ကုမ္ပဏီအမည်ကိုရိုက်နှိပ်ပါ။

  1> ထို့နောက် ထိုအစုရှယ်ယာ၏ နေ့အလိုက် ဈေးနှုန်း အပြောင်းအလဲပျမ်းမျှအခြေအနေအညွှန်းပြပုံများ ကို အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

# YSX Historical Data




- **YSX Historical Data**


  1> More သို့သွားပါ။

  2> MENUမှ YSX HISTORICAL DATA ကိုရွေးပါ။

  3> Search တွင် ရန်ကုန်စတော့အိတ်ချိန်းပေါ်ရှိ စာရင်းဝင်ကုမ္ပဏီအမည်ကိုရိုက်နှိပ်ပါ။

  4> ထို့နောက် ထိုအစုရှယ်ယာ၏ Historical Data ကို အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

# Gainer/ Loser




- **Gainer/Loser**


  1> More သို့သွားပါ။

  2> MENUမှ GAINER/LOSER ကိုရွေးပါ။

  3> ဈေးကွက်ထဲတွင် အရောင်းအဝယ်ဖြစ်မြောက်မှု အများဆုံး အစုရှယ်ယာကို Gainer တွင် ကြည့်ရှုနိုင်ပါသည်။

  4> ဈေးကွက်ထဲတွင် အရောင်းအဝယ်ဖြစ်မြောက်မှု အနည်းဆုံး အစုရှယ်ယာကို Loser တွင် ကြည့်ရှုနိုင်ပါသည်။

# Most Active




- **Most Active**

  1> More သို့သွားပါ။

  2> MENU မှ Most Active ကိုရွေးပါ။

  **Most Value**

  ဈေးနှုန်းအားဖြင့် အများဆုံး အရောင်းအဝယ်ဖြစ်မြောက်သော အစုရှယ်ယာကို ကြည့်ရှုနိုင်ပါသည်။


  **Most Volume**

  အရေအတွက်အားဖြင့်အများဆုံး အရောင်းအဝယ်ဖြစ်မြောက် သောအစုရှယ်ယာကို ကြည့်ရှုနိုင်ပါသည်။

  **Most Swing**

  ဈေးကွက်ထဲတွင် ဈေးနှုန်းအတက်အကျအများဆုံးဖြစ်သော အစုရှယ်ယာကို ကြည့်ရှုနိုင်ပါသည်။


# Customer Information




- **Profile**

  လူကြီးမင်း၏ အချက်အလက် တစ်စုံတစ်ခု ပြောင်းလဲ လိုပါက Contact to CB Securities ကို နှိပ်၍ CB Securities သို့ ဆက်သွယ်နိုင်ပါသည်။

# Forget Password




- **Forget Password**

အကောင့်လျှို့ဝှက်နံပါတ် မေ့သွားပါက...

1> Login page မှ "Forget password?" ကို နှိပ်ပါ။

2> လူကြီးမင်း၏ Trading ID ကို ဖြည့်ပါ။

3> "REQUEST OTP" ကိုနှိပ်၍ One Time Password ရယူပါ။

4> လူကြီးမင်း၏ အီးမေးလ်သို့ OTP ပို့ပေးပါမည်။


5> "Login" ကိုနှိပ်၍ Login page သို့ ပြန်သွားပါ။

6> "PASSWORD" တွင် ထို OTP ကို ဖြည့်ပါ။

7> ထို့နောက် LOG IN ကို နှိပ်ပြီး Change Password လုပ်ဆောင်ချက်အားထပ်မံလုပ်ဆောင်ပေးရပါမည်။

Change Password လုပ်ဆောင်ချက်အသေးစိတ်အား စာမျက်နှာ (၆) တွင် ပြန်လည်ကြည့်ရှုနိုင်ပါသည်။

# Forget PIN




- **Forget PIN**

Pin number မေ့သွားပါက ...

1> “MORE” သို့ သွားပါ။

2> ထို့နောက် Setting မှ Forget pin ကို နှိပ်ပါ။

3> OTP ရယူပါ။

4> လူကြီးမင်း၏ အီးမေးလ်သို့ တစ်ခါသုံးလျှို့ဝှက်နံပါတ် ပို့ပေးပါမည်။


5> ထို OTP ကို ဖြည့်ပါ။

6> Pin နံပါတ်အသစ်ကို ဖြည့်ပါ။

7> ထို Pin နံပါတ်အသစ်ကို နောက်တစ်ကြိမ် ထပ်မံဖြည့်ပေးရမည်။

8> ထို့နောက် Change pin ကို နှိပ်ပါ။

# LOG OUT




- **Log out**

အကောင့်ထဲမှ Logout ထွက်လိုပါက

1>“MORE” သို့ သွားပါ။

2> LOG OUT ကို နှိပ်ပါ။

3> Logout Confirm ပေါ်လာလျှင် LOGOUT ကို နှိပ်၍ အကောင့်ထဲမှ ထွက်နိုင်ပါသည်။

# THANK YOU